# ဗုဒ္ဓဝင် ဘုရားဟောလား

**အရှင်ကေလာသ**
**ဖေဖော်ဝါရီ ၅၊ ၂၀၁၆။**

---

သိလိုသည်ကို မေးလျှောက်ပါသည် ဘုရား .. ဗုဒ္ဓဝင်ကို ဘယ်သူ ရေးခဲ့တာလဲ ဘုရား။ နောက် မေးခွန်း တစ်ခုမှာ ၅၅၀ ဇာတ်ကို ပိဋကတ်မြန်မာပြန် အမှတ် ဘယ်လောက် သို့မဟုတ် ဘယ်အတွဲမှာ ရှာတွေ့ နိုင်ပါသလဲ ဘုရား။

ဇော်အုန်း ကေခင် (LA)

---

**အစပိုင်း**

မေးခွန်းကို မဖြေခင် ဗုဒ္ဓဖြစ်တော်စဉ် အစပိုင်းကို နည်းနည်း ပြောပြအုံးမယ် .. ဗုဒ္ဓဂယာ မဟာဗောဓိမှာ ကဆုန်လပြည့်နေ့ ဗုဒ္ဓဖြစ်ပြီးနောက် ဗာရာဏသီကို ကြွပြီး မိဂဒါဝုန်မှာ ဝါဆိုတယ်။ ပဉ္စဝဂ္ဂီ ငါးဦးနဲ့ ဗာရာဏသီမြို့သား အရှင်ယသတို့ မိသားစုနဲ့ မိတ်ဆွေတွေ ရဟန်းပြု။ သီတင်းကျွတ်တော့ ဗုဒ္ဓဂယာ အနီးက ဥရုဝေလာကို ပြန်ကြွလာစဉ် လမ်းအကြားရှိ တောစပ် တစ်ခုမှာ ဘဒ္ဒဝဂ္ဂီ မင်းသား သုံးကျိပ်တို့ ရဟန်းပြု။ ဥရုဝေလာကို ရောက်တော့ ကဿပညီနောင်နဲ့ ပရိသတ် ရဟန်းပြု။ အဲဒီနောက် ရာဇဂြိုဟ်မြို့ကို ဆွမ်းခံဝင်ရာမှာ ဘုရင် ဗိမ္ဗိသာရတို့ ဗုဒ္ဓတပည့် ဖြစ်သွားပြီး ဝေဠုဝန် ဥယျာဉ်ကို လှူဒါန်း။ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးစဉ် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်တို့ ဗုဒ္ဓသာဝကတွေ ဖြစ်။ ဒီဖြစ်စဉ် အားလုံးဟာ ဗုဒ္ဓဖြစ်ပြီးနောက် ၁၀–လ (ကဆုန်လပြည့်မှ တပေါင်းလပြည့်) အတွင်းမှာ ဖြစ်ခဲ့တာ။

**ဗုဒ္ဓဝင်ဟော**

ခမည်းတော် မင်းကြီးက ကပိလဝတ္ထုကို ကြွဖို့ ပင့်လျှောက်လို့ တပေါင်းလပြည့်ကျော် ၁–ရက်နေ့မှာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းက ထွက်ပြီး ခြေကျင် ကြွတော်မူတယ်။ ကဆုန်လပြည့်ကျော် ၁–ရက်နေ့ မွေးရပ်မြေကို ဆိုက်ရောက်တယ်။ ဗုဒ္ဓဖြစ်ပြီးနောက် တစ်နှစ်တိတိ အကြာမှာပါ။ တရားဟောရင်း ကြွတာဖြစ်လို့ လမ်းမှာ ၂–လ ကြာတယ်။ ဆွေမျိုးတော်တွေက နိဂြောဓာရုံမှာ နေရာပြင်ဆင်ပေးတယ်။

သက်ကြီး သာကီဝင်အချို့ ရှိမခိုးဘဲ နေကြလို့ ခန္ဓာကိုယ်က ရေမီးအစုံအစုံ ထွက်တဲ့ တန်ခိုးကို ပြပြီးနောက် ပရိသတ်စုံလို့ အရှင်သာရိပုတ္တရာ တောင်းပန်တဲ့အတွက် 'ဗုဒ္ဓဝင်ဒေသနာ'ကို မြတ်ဗုဒ္ဓ ဟောတော်မူတယ်။ အဲဒီနောက် ရာဇဂြိုဟ်ကို ပြန်ကြွပြီး ဝေဠုဝန်မှာ ဝါကပ်တော်မူတဲ့ အတွက် မြတ်ဗုဒ္ဓဟာ ကပိလဝတ်မှာ ရက်သတ္တပတ် အနည်းငယ်ပဲ သီတင်းသုံးခဲ့ဖွယ် ရှိတယ်။ နန္ဒမင်းသားနဲ့ ရှင်ရာဟုလာတို့ ရဟန်းဖြစ်တာ နိဂြောဓာရုံမှာပေါ့။ မင်းသား ခြောက်ယောက်နဲ့ ဥပါလိတို့က ဗုဒ္ဓရဲ့ နောက်ကို လိုက်သွားပြီး ရဟန်းပြုကြတာ။

**အဖြေ**

ဗုဒ္ဓဝင်လို့ မြန်မာတို့ ခေါ်တဲ့ 'ဗုဒ္ဓဝံသပါဠိ'ဟာ ဗုဒ္ဓနှုတ်ထွက်ပါ။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် ဆရာစဉ်ဆက် ဆောင်ယူလာခဲ့ တဲ့ သံဂါယနာ ၆–တန်တင် ပါဠိတော် ဖြစ်ပါတယ်။ အပဒါန်ပါဠိတော် မြန်မာပြန် ဒုတိယတွဲ၊ စာ–၂၉၃ မှာ အဲဒီ ဗုဒ္ဓဝင်ပါဠိတော် မြန်မာပြန်ကို ဖတ်နိုင်တယ်။ မူရင်း ဗုဒ္ဓဝင်မှာ ကျင့်စဉ်ကို အဓိက ဟောတော်မူတယ်။ ဒါပေမယ့် ထိုထိုပါဠိတော်နဲ့ ယင်းရဲ့ အဖွင့်ကျမ်းတွေမှာ ဖော်ပြတဲ့ ဖြစ်ရပ် အတိုအထွာတွေကို တစ်ပေါင်းတည်း စုစည်းပြီး နောင်အခါ ဇိနာလင်္ကာရ (ပါဠိဘာသာ)၊ တာထာဂတုပ္ပတ္တိ၊ တထာဂတဥဒါန၊ မာလာလင်္ကာရ၊ ဇိနတ္ထပကာသနီ၊ မဟာဗုဒ္ဓဝင် စသည်ဖြင့် ကျမ်းတတ် ပုဂ္ဂိုလ်တို့ ရေးသားခဲ့ကြတာ ဖြစ်ပါတယ်။

မြောက်ပိုင်း ဗုဒ္ဓဘာသာမှာတော့ 'လလိတဝိတ္ထာရ'အမည် ရှိတဲ့ သက္ကတဘာသာနဲ့ ရေးတဲ့ ဗုဒ္ဓဝင်ကျမ်းဟာ ထင်ရှားတယ်။ (မြန်မာပြန်ကို kelasa.org မှာ ဖတ်နိုင်တယ်။ အင်္ဂလိပ် ဘာသာပြန်လည်း ရှိတယ်။)

**ငါးရာ့ငါးဆယ်**

၅၅၀–ဇာတ်ကို 'ဇာတကပါဠိတော် မြန်မာပြန်'မှာ ဖတ်နိုင်တယ်။ နှစ်တွဲ ရှိတယ်။ ဝက်ဘ်ဆိုဒ်တွေမှာ ဒီမြန်မာပြန် ၂–တွဲကို မတွေ့မိဘူး။ ရန်ကုန်ကို မှာကြည့်။ ဒါပေမယ့် ဒီမြန်မာပြန်က ပါဠိဂါထာ သက်သက်ကို မြန်မာပြန်ထားတာ။ ဇာတ်ဝတ္ထု ဖြစ်ရပ်တွေ မပါဘူး။ အဲဒီ ဇာတ်ဝတ္ထုတွေက အဖွင့်ကျမ်း (အဋ္ဌကထာ)တွေမှာ ပါတယ်။ အဋ္ဌကထာတွေကို မြန်မာပြန်ထားတာ 'ပုံတော်စုံ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု' အမည်နဲ့ သုံးလေးမူ ရှိတယ်။ အနှစ်ချုပ် ရေးထားတာလည်း ရှိတယ်။ ၅၅၀ ထဲက နောက်ဆုံး ဆယ်ခုကိုတော့ 'ဇာတ်ကြီးဆယ်ဘွဲ့'လို့ သီးခြား အမည်နဲ့ ရှာဖတ်နိုင်ပါတယ်။ ❐